ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ညောင်ဦးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project




(NCDDP)

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ထီးပုအုပ်စု၊ ရွာလုကျေးရွာ

၂၀၁၇-ခုနှစ်

ညောင်ဦးမြို့နယ်

## မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ညောင်ဦးမြို့နယ်လူထုဗဟိုပြု စီမံကိန်း



# ထီးပု ကျေးရွာ အုပ်စု


မ
မှန်တော
ကြို့ပင်သာ
ရွာလု
ကောင်းညို
ဖြူထွား
ဆင်လူးအိုင်
ဒဟတ်ကန်
ဂျမ်းလို
ထီးပု
ရည်ညွှန်းချက်
ကျေးရွာ အုပ်စု
ကျေးရွာ
ကားလမ်း
အုပ်စု နယ်နိမိတ်

# ထီးပု အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ထီးပု

၂။ ကြို့ပင်သာ

၃။ ကောင်းညို

၄။ မှန်တော

၅။ ရွာလု

၆။ ဆင်လူးအိုင်

၇။ ဖြူထွား


၈။ ဂျမ်းလှိုး

၉။ ဒဟတ်ကန်

# ရွာလုကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ရွာလုကျေးရွာ ထီးပု အုပ်စု ရက်စွဲ ၊ ၇.၃.၂၀၁၆

ရွာလု ကျေးရွာသည် ၁၉၈၄ ခုနှစ် တွင် စာသင်ကျောင်း မရှိသဖြင့် တခြားရွာသို့ သွား၍ ကျောင်းတက်ခဲ့ရပါသည် ။ မိုးကြီးတဲ့ နေများတွင် ကလေးများ ချောင်ကူးရာတွင် အခက်အခဲ ဖြစ်ခဲ့ရပြီး လူကြီးများကလည်း လိုက်မပို့နိုင် ၊ မကြိုနိုင်သဖြင့် ဒုက္ခရောက်ခဲ့ရပါသည် ။ ၁၉၈၉ ခုနှစ်တွင် အစာရေစာ ရှားပါးမှုများ ကြုံတွေ့ခဲ့ရပါသည် ။ ဆန်မဝယ်နိုင်သောကြောင့် ထမင်းပင် မစားရပါ ။ ဒေသထွက် ပြောင်းဖူး စေ့များ နှင့် အသီးအရွက်များကို စားရပြီး ရေလည်း လုံလောက်စွာ မရရှိခြင်းများ ဖြစ်ခဲ့ရပါသည် ။ ရှိတာ လေးတွေကို ခြွေတာစားခဲ့ရပြီး ( ၈ ) မိုင်အကွာထိ ရေသွားခပ်ခဲ့ရပါသည် ။ ၂၀၀၃ ခုနှစ်တွင် အ.မ.က. ခွဲ ကို ကျေးရွာလူထု လုပ်အားဖြင့် ပူးပေါင်း ဆောက်လုပ်ခဲ့သည်ကို တွေ့ရှိရပါသည် ။ ၂၀၁၂ ခုနှစ်တွင် သဘာဝ ဘေးအန္တရာယ် လေမုန်းတိုင်းကျရောက်ခဲ့ပြီး လူနေအိမ် ( ၆ ) လုံး ပျက်စီးခဲ့ရပြီး လူတွေလည်း လွတ်အောင် ပြေးထွက်ခဲ့ရပါသည် ။ ကျေးရွာလူထု မှ ဝိုင်းဝန်းပြီး ပြန်လည် ထူထောင် လုပ်ဆောင်ပေးခဲ့ ကြသည်ကို တွေ့ရှိရပါသည် ။ ရွာလုကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာ ကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စုပေါင်း တက်ကြွစွာ လုပ် ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထ လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။


လူမှုရေး/အရင်းအမြစ်ပြမြေပုံ

# လူမှုရေး/အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ရွာလုကျေးရွာ　　　　ထီးပု အုပ်စု　　　　ရက်စွဲ ၊ ၇.၃.၂၀၁၆

ရွာလုကျေးရွာ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၅၁ ) ရှိကြောင်း သိရပါသည် ။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ ၊ စေတီ ၊ ဘုန်းကြီးကျောင်း နှင့် စာသင်ကျောင်းများ ရှိသည်ကို တွေ့ရှိရပါသည် ။ တောင်ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ နှင့် သဲချောင်း ရှိသည်ကို တွေ့ရှိရပါသည် ။ အနောက်ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ နှင့် ရေကန် တည်ရှိသည်ကို တွေ့ရှိရပါသည် ။ မြောက်ဘက်ပိုင်းတွင် ထန်းတောများ ၊ ဗျတ္တလမ်းမကြီး နှင့် စက်ရေတွင်း တည်ရှိပါသည် ။ သဘာဝအရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ထန်းတက်သော အလုပ် မကျည်းရွက် ၊ သီးများကို လုပ်ကိုင် စားသောက် နိုင်ကြောင်းကို သုံးသပ်မိပါသည် ။ ရွာ၏တောင်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ ကျေးရွာ၏ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို ဆွဲခြင်းအားဖြင့် ကျေးရွာသူ / သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိ အခြေအနေ နှင့် ကျေးရွာတွင် ရှိနေပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို သိရှိလာကြပါသည်။အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင်မီးမရရှိခြင်း ၊ သောက်သုံးရေ ခက်ခဲခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်း နှင့် ဂင်ငွေ နည်းပါးနေခြင်းများ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social map, Resource map) | 15.12.2016 | ကျေးရွာသူ၊ ကျေးရွာသား၊ ကော်မတီဝင်များ | ၂၆ | ၂၃ | ၄၉ | ကျေးရွာနယ်နိမိတ် အကွက်ဖြို သိမ်ဖြို၊ လယ်မြေ၊ စိုက်ခင်း ဘုရားပုထိုးများစသော ကျေးရွာ၏လက်ရှိအခြေအနေနှင့် ပိုင်ဆိုင်မှုပြအခြေအနေများကို ရေးဆွဲဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီဥတုပြပြက္ခဒိန် (Seasonal calendar) | 15.12.2016 | ကျေးရွာသူ၊ ကျေးရွာသား ကော်မတီဝင်များ | ၇ | ၅ | ၁၂ | ရာသီဥတုစိုက်ပျိုးသီးနှံများ လယ်ယာလုပ်ငန်း၊ ဈေးမြို့ဈေး လုပ်ငန်းများ၊ ဝမ်းစာရှာပုံများ နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | 16.12.2016 | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၂၇ | ၂၄ | ၅၁ | ကျေးရွာသူ၊ ကျေးရွာသားများမှ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများကို ညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄။ | ပြဿနာသစ်ပင် (Problem Tree) | 16.12.2016 | ကျေးရွာသူ ကျေးရွာသားများ၊ ကော်မတီဝင်များ | ၂၇ | ၂၄ | ၅၁ | ကျေးရွာသူ၊ ကျေးရွာသားအများစု ရွေးချယ်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲများ၏ အကျိုး၊ အကြောင်း ဆက်စပ်မှုများကို ပြဿနာသစ်ပင်ရေးဆွဲ၍ ခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။ |

လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်


(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅။ | အဖွဲ့အစည်းအချိတ်အဆက်ပြပုံစံ (Venn Diagram) | 15.12.2016 | ကျေးရွာသူ၊ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၁၀ | ၆ | ၁၆ | ကျေးရွာအတွင်း တွင်ရှိနေသော လူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင်ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၆။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | 15.12.2016 | ချမ်းသာ၊ သင့်တင့်၊ မွဲလည်၊ နွမ်းပါး၊ ထိခိုက်လွယ်အုပ်စုများ | ၂၆ | ၂၃ | ၄၉ | ကျေးရွာအတွင်းရှိလူများအကြား ငွေကြေး၊ ပစ္စည်း၊ ဥစ္စာဓနအစ အားပိုင်ဆိုင်မှု အဆင့်ကွဲခြားမှုသိခြင်းဖြင့် ကျေးရွာအတွက်လိုအပ်သည့် ဝင်ငွေရရှိရေးအစီအစဉ်များကို တည်းသွင်းစဉ်းစားနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ |
| ၇။ | ကျား/မ အခန်းကဏ္ဍပြပင့်ကူအိမ်ပုံစံ (Spider Web) | 15.12.2016 | ကျေးရွာသူ၊ ကျေးရွာသားများ အမျိုးသားအုပ်စု အမျိုးသမီးအုပ်စုများ | ၁၀ | ၉ | ၁၉ | အမျိုးသားနှင့်အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူအခွင့်အရေး ပညာသင်ကြားနိုင်မှု၊ ဘဝရပ်တည်မှုစသည့်အခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |

# အဖွဲ့အစည်းအချိတ်အဆက်ပြကားချပ်

ကျေးရွာ = ရွာလှကျေးရွာ၊ ထီးပုံအုပ်စု

ရက်စွဲ - ၁၅.၁၂.၂၀၁၆




ပါဝင်ဆွေးနွေးသူ = ကျေးရွာလူထု

# အဖွဲ့အစည်း အချိတ်အဆက်ပြကားချပ် သုံးသပ်ချက်

ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုအုပ်စု


ရွာလုကျေးရွာ၏ အဖွဲ့အစည်း အချိတ်အဆက်ပြကားချပ်ကို သုံးသပ်ကြည့်ရာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာ၏ အကြီးဆုံးနှင့် ဩဇာအရှိဆုံး ဖြစ်သည်ကို တွေ့ရှိရသည်။ အမျိုးသား အဖွဲ့နှင့် အမျိုးသမီးအဖွဲ့သည်လည်း ကျေးရွာအတွက် အရေးပါသော အဖွဲ့များ ဖြစ်ကြသလို အုပ်ချုပ်ရေးအဖွဲ့နှင့်လည်း ချိတ်ဆက်လျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့အပြင် လူထုဗဟိုပြုအဖွဲ့သည်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျပြီး အရေးပါသော အဖွဲ့ဖြစ်ပြီး အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်လျက်ရှိသည်ကို တွေ့ရှိရပြန်သည်။


ကျောင်းကော်မတီနှင့် ရေကော်မတီ အဖွဲ့များသည်လည်း အချိုးညီညီ တည်ရှိနေသည်ကို တွေ့ရှိရပြန်သည်။ ပရဟိတအဖွဲ့၊ နာရေးကူညီမှုအဖွဲ့နှင့် မီးသတ်အဖွဲ့များလည်း ရွာလုကျေးရွာတွင် အသီးသီးရှိနေပြီး ၎င်းအဖွဲ့များသည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်လျက်ရှိနေသည်။

အချုပ်အားဖြင့်ဆိုရသော် ရွာလုကျေးရွာတွင် အဖွဲ့အစည်း အကြီး၊ အသေး အသီးသီးရှိနေကြပြီး ၎င်းအဖွဲ့အားလုံးသည် အုပ်ချုပ်ရေးအဖွဲ့နှင့် အနည်းနှင့်အများဆိုသလို ချိတ်ဆက်လျက်ရှိသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင် အင်အားအကြီးမားဆုံးနှင့် ဩဇာအရှိဆုံး ပုံစံကိုဖော်ပြလျက်ရှိသည်။ အခြားအဖွဲ့အစည်းများသည်လည်း အခြေအနေပေါ်မူတည်၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်သွားကြရန် လိုအပ်ပေလိမ့်မည်ဖြစ်သည်။

# အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား

ကျေးရွာ - ရွာလယ်ကျေးရွာ၊ ထီးပုအုပ်စု



# အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယား သုံးသပ်ချက်

ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုအုပ်စု

ရွာလုကျေးရွာ၏ အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယား အရ - ယာမြေ၊ ထွန်စက်၊ ကား၊ လှည်း၊ နွား စသည်တို့ကို အမျိုးသားများမှ အများဆုံး အသုံးပြုကြပြီး၊ အမျိုးသမီးများအနေဖြင့် အပ်ချုပ်စက် တစ်ခုတည်းကိုသာ အသုံးပြုသည်ကို တွေ့ရှိရသည်။ မန်ကျည်း၊ ရေကန်၊ ဆိုင်ကယ်၊ သစ်တော၊ လမ်း စသည်တို့ကို အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်ကို တွေ့ရှိရသည်။


အရင်းအမြစ်များကို ထိန်းချုပ်ရာတွင်လည်း ယာမြေ၊ ကား၊ ထွန်စက်၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ မန်ကျည်း စသည်တို့ကို အမျိုးသားများကသာ အများဆုံး ထိန်းချုပ်ကြသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့် ဆိုရသော် အရင်းအမြစ်များကို အသုံးပြုရာတွင်လည်းကောင်း၊ ထိန်းချုပ်ရာတွင်လည်းကောင်း အမျိုးသားများကသာ အရာရာတွင် ထိန်းချုပ်လွှမ်းမိုး ချုပ်ကိုင်ထားသည်ဟု သုံးသပ်မိသည်။

# ကျား/မ - အခန်းကဏ္ဍပြ ပင့်ကူအိမ်ပုံစံ

ကျေးရွာ - ရွာလေးကျေးရွာ

ရက်စွဲ - ၁၅.၁၂.၂၀၁၆




အမျိုးသား - - - - - - - -

အမျိုးသမီး - - - - - - - -

# ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ် သုံးသပ်ချက်

ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုဒုပ်ရု

ရွာလုကျေးရွာ ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်ပုံစံ ဖော်ပြချက်အရ အိမ်မှုကိစ္စလုပ်ငန်းတွင် အမျိုးသမီးများ အဓိက လုပ်ကိုင်ကြရပြီး အမျိုးသားများနှင့် ကွာဟချက်မြင့်မားလွန်းသည်ကိုတွေ့ရှိရသည်။ ပညာရေးသို့လက်လှမ်းမီမှုတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူ တွေ့ရှိရပြီး အလယ်အလတ် အခြေအနေတွင် တည်ရှိနေသည်ကို တွေ့ရှိရသည်။ ကျန်းမာရေးဝန်ဆောင်မှုရရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့တွင်လည်း အမျိုးသားများက အမျိုးသမီးများထက်သာလွန်နေသည်ကိုတွေ့ရှိရသည်။ ထို့အပြင် ဝင်ငွေရှာဖွေနိုင်မှု၊ ခေါင်းဆောင်မှု၊ ပူးပေါင်းပါဝင်မှုနှင့် ပိုင်ဆိုင်မှုထိန်းချုပ်ခြင်းတို့တွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက် အနည်းငယ်မှ အများဆုံးသို့ သာလွန်နေသည်ကို တွေ့ရှိရမြင်ရသည်။

အချုပ်အားဖြင့်ဆိုရသော် အိမ်မှုကိစ္စမှလွဲ၍ အခြားကိစ္စရပ်များတွင် အမျိုးသားများသည် အမျိုးသမီးများထက်သာလွန်နေသည်ကိုတွေ့ရှိရသည့်အတွက် အမျိုးသမီးများအနေဖြင့် အမျိုးသားများနည်းတူ ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်ကြဖို့လိုအပ်သလို အမျိုးသားများမှလည်း အထူးလက်တွဲခေါ်ဆောင်သွားသင့်သည်ဟု သုံးသပ်မိပါသည်။

ကျေးရွာ - ရွာလုံကျေးရွာ

ကျေးရွာအုပ်စု - ထီးပုံအုပ်စု

## နေအိမ်ရွာပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ပုံဇယား

ရက်စွဲ - ၁၅.၃.၂၀၁၆

| စဉ် | အုပ်စု | ခွဲခြားသတ်မှတ်ပုံ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | အပြေလည်ဆုံးအုပ်စု | လယ်ယာမြေ (၇) ဧကနှင့်အထက်၊ မြင်း၊ နွား (၁၀) ရှဉ်း၊ သွပ်မိုးတိုက်အိမ်၊ ဆိုင်ကယ်၊ ဝမ်းစာဖူလုံ | ၁၀ | ၁၉.၆၁ % |
| ၂။ | အသင့်အတင့်ပြေလည်သောအုပ်စု | လယ်ယာမြေ (၅) ဧကကျော်၊ နွား (၁) ရှဉ်း၊ မြင်း၊ သွပ်မိုးထရံကာအိမ်၊ ဆိုင်ကယ်၊ ဝမ်းစာဖူလုံ | ၁၂ | ၂၃.၅၃ % |
| ၃။ | မပြေလည်သောအုပ်စု | ယာမြေမရှိ၊ သွပ်မိုးထရံကာအိမ်၊ နွား (၁) ကောင်၊ လက်လုပ်လက်စား၊ ဝမ်းစာမဖူလုံ | ၁၀ | ၁၉.၆၁ % |
| ၄။ | နွမ်းပါးသောအုပ်စု | ယာမြေမရှိ၊ ထန်းရွက်မိုးထန်းရွက်ကာအိမ်၊ လက်လုပ်လက်စား၊ ဝမ်းစာမဖူလုံ | ၁၆ | ၃၁.၃၇ % |
| ၅။ | ထိခိုက်လွယ်အုပ်စု | သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ခိုကိုးရာမဲ့ | ၃ | ၅.၈၈ % |
| | | စုစုပေါင်း | ၅၁ | ၁၀၀ % |

# ဓနဥစ္စာပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ခြင်း သုံးသပ်ချက်

ကျေးရွာ- ရွာလုကျေးရွာ၊ ထီးပုအုပ်စု

ရွာလုကျေးရွာတွင် ဓနဥစ္စာပိုင်ဆိုင်ခြင်းပုံစံကို သုံးသပ်ကြည့်ရာတွင်-

(၁) အပြေလည်ဆုံးသောအုပ်စုတွင် ယာမြေ (၅)ဧကနှင့်အထက်၊ မြည်း၊ နွား (၁)ရှဉ်း၊ သွပ်မိုးထိုက်အိမ်၊ ဆိုင်ကယ်စသည်တို့ကို ပိုင်ဆိုင်ကြပြီး ဝမ်းစာအားဖြင့် ဖူလုံသည်ကို တွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၀)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၉.၆၁) ရှိသည်။

(၂) အသင့်အတင့်ပြေလည်သောအုပ်စုတွင် ယာမြေ (၅)ဧကအောက်၊ နွား (၁)ရှဉ်း၊ မြည်း၊ သွပ်မိုးထရံကာအိမ် ဆိုင်ကယ်တို့ကို ပိုင်ဆိုင်ကြပြီး ဝမ်းစာအားဖြင့် ဖူလုံသည်ကို တွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၂)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၂၃.၅၃) ရှိသည်။

(၃) မပြေလည်သောအုပ်စုတွင် ယာမြေမရှိပါ။ သွပ်မိုးထရံကာအိမ်၊ နွား (၁)ကောင်သာပိုင်ကြပြီး ဝမ်းစာအားဖြင့် မဖူလုံသော လက်လုပ်လက်စားများဖြစ်ကြသည်ကို တွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၀)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၉.၆၁) ရှိသည်။


(၄) နွမ်းပါးသောအုပ်စုတွင်လည်း ယာမြေမရှိကြပါ။ ထန်းရွက်မိုးထန်းရွက်ကာအိမ်တို့ဖြင့် နေထိုင်ကြရပြီး ဝမ်းစာမဖူလုံသော လက်လုပ်လက်စားများဖြစ်ကြသည်ကို တွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၆)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၃၁.၃၇) ရှိသည်။

(၅) ထိခိုက်လွယ်သောအုပ်စုတွင် မသန်စွမ်းနှင့် သက်ကြီးရွယ်အိုနှင့်ဘိုးဘွားများဖြစ်ကြသည်။ အိမ်ထောင်စုအားဖြင့် (၃)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၅.၈၈) ရှိသည်ကို တွေ့ရှိရသည်။

ထီးပုဆုပ်စု - ရွာလုကျေးရွာ

# ရာသီခွင်ပြပြက္ခဒိန်

ရက်စွဲ - ၁၅.၃.၂၀၁၆



# ရာသီခွင်မြေပြပြက္ခဒိန်သုံးသပ်ချက်

ကျေးရွာ - ရွာလေ့ကျေးရွာ၊ ထီးပုနာပ်ရ

ရွာလေ့ကျေးရွာ၏ ရာသီခွင်မြေပြပြက္ခဒိန်ကို သုံးသပ်ကြည့်ရာတွင် -

၁။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို ကျင်းပကြပြီး သီတင်းကျွတ်လတွင် ကျေးရွာဘုရားပွဲကို ဆင်နွှဲကြသည်။

၂။ ကျန်းမာရေးနှင့်ပတ်သက်ပြီး မိုးရာသီတွင် ဖျားနာခြင်းကိုအများဆုံး ခံစားကြရသည်ကိုတွေ့ရှိရသည်။

၃။ လမ်းပန်းဆက်သွယ်ရေးအနေနှင့် မိုးအကုန်တွင် အနည်းငယ်ပျက်စီးနိုင်ပြီး အခြားလများတွင် ခက်ခဲမှုမရှိပါ။

၄။ ထန်းတက်ခြင်းလုပ်ငန်းကို တပို့တွဲလမှစတင်၍လုပ်ကိုင်ကြရပြီး တန်ခူး၊ ကဆုန်လများတွင် ဖြိုးဖြိုး လုပ်ကိုင်ကြရသည်။

၅။ စိုက်ပျိုးရေးလုပ်ငန်းကို ကဆုန်လမှ တော်သလင်းလအထိ (၅)လ တိုင်တိုင်လုပ်ကိုင်ကြရသည်။


၆။ မြေပဲ၊ ပဲစိမ်းငုံတို့ကို တန်ဆောင်မုန်းလမှ တပေါင်းလအထိ ရိတ်သိမ်းကြရသည်

၇။ တန်ဆောင်မုန်းလမှစ၍ ဝင်ငွေရရှိကြပြီး တန်ခူး၊ ကဆုန်၊ နယုန်လများတွင် အနည်းငယ်သာ တွေ့ရှိရသည်။

၈။ မန်ကျီးလုပ်ငန်းသည်လည်း ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်သလို ပြာသို၊ တပို့တွဲ တပေါင်းလများတွင် ဆွတ်ခူးကြသည်ကိုတွေ့ရှိရသည်။

# ပြဿနာ သစ်ပင်

ကျေးရွာ - ရွာလယ်ကျေးရွာ၊ ထီးပုန်မြို့ ရက်စွဲ - ၁၆. ၁၂. ၂၀၁၆



# ပြဿနာသစ်ပင်သုံးသပ်ချက်

ကျေးရွာ - ရွာလယ်ကျေးရွာ၊ ထီးပုဥပါရ

ပြဿနာ အခက်အခဲ - သောက်သုံးရေ အခက်အခဲ

ရွာလယ်ကျေးရွာ၏ အဓိကရင်ဆိုင်နေရသော အခက်အခဲပြဿနာမှာ သောက်သုံးရေ ခက်ခဲခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။ သောက်သုံးရေ အခက်အခဲ ကိုဖြစ်စေသည့် အကြောင်းရင်းများရှာဖွေသည့်အခါ ကျေးရွာ မြေသားရေကန်မရှိခြင်းသည် အဓိကအချက်ဖြစ်သည်။ မြေသားရေကန်မရှိသည့်အတွက် အခြားရွာများသို့ သွားရောက်၍ ရေစည်တိုက်ကြရသည်။ သောက်သုံးရေ အခက်အခဲကို ဖြစ်ပေါ်စေသော အခြား အကြောင်းအရာများ ဖြစ်သော မိုးခေါင်ခြင်း၊ စက်ရေတွင်းမှ ရေထွက်နှုန်းနည်းခြင်း၊ သန့်ရှင်းသော သောက်ရေသန့် မရှိခြင်းစသော အချက်များသည်လည်း အပါအဝင်ဖြစ်သည်။

သောက်သုံးရေ ခက်ခဲခြင်းကြောင့် အကျိုးဆက်အနေဖြင့် ငွေဖိုး အချိန်ကုန်ခြင်း၊ သောက်သုံးရေ မလုံလောက်ခြင်း၊ ကျန်းမာရေး ထိခိုက်ခြင်း၊ အခြားကျေးရွာများသို့ ရေသယ်သွားရခြင်း စသည်တို့ကို ဖြစ်ပေါ်စေသည်။

ထို့ကြောင့် ပြဿနာကိုဖြစ်ပေါ်စေသည့် အကြောင်းတရားများကို သတ်မှတ်မိပါသည်။ အချို့သော အကြောင်းတရားများသည် မိမိတို့ကိုယ်တိုင် မစွမ်းနိုင်ကြပေ။ သို့သော်လည်း မိမိတို့ကိုယ်တိုင်စွမ်းဆောင်နိုင်သော အချက်များကို ပြုပြင်လုပ်ဆောင်သွားကြမည်ဆိုလျှင် သောက်သုံးရေ ခက်ခဲခြင်း ပြဿနာကို အတိုင်းအတာ လျော့ကျ လျှော့ချနိုင်ပေမည်ဟု သုံးသပ်မိသည်။

# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးမျိုးချစ် | ကျေးရွာ စီ/ထောက် ဥက္ကဌ | ရွာလုကျေးရွာ | 09-33259676 |
| ၂ | ဒေါ်ရွှေပို | ကျေးရွာ စီ/ထောက် ဥက္ကဌ | 〃 | |
| ၃ | ဦးအောင်စာ | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဌ | 〃 | 09-776437925 |
| ၄ | ဒေါ်ခင်မီ | မှတ်တမ်းထိန်း | 〃 | |
| ၅ | ဦးလှဝင်း | အဖွဲ့ဝင် | 〃 | |
| ၆ | ဦးအောင်ငယ် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဌ | 〃 | 09-789301189 |
| ၇ | ဒေါ်ထွေးသိန်း | အဖွဲ့ဝင် | 〃 | |
| ၈ | | အဖွဲ့ဝင် | 〃 | |
| ၉ | ဦးညွန့်ဝင်း | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဌ | 〃 | |
| ၁၀ | ဒေါ်နွဲ့နွဲ့ဝင်း | အဖွဲ့ဝင် | 〃 | |
| ၁၁ | | အဖွဲ့ဝင် | 〃 | |
| ၁၂ | ဦးစိုးဝင်း | ဂေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-792770295 |
| ၁၃ | ဒေါ်မာမာဌေး | ဂေဖန်အကြံပြုတိုင်ကြားရေး | 〃 | |
| ၁၄ | ဦးကျော် | စေတနာ့ဝန်ထမ်း | 〃 | 09-253318790 |
| ၁၅ | ဒေါ်ခင်ဌေးဗွင်း | စေတနာ့ဝန်ထမ်း | 〃 | |
| ၁၆ | ဦးအောင်စိုး | ကျေးရွာစာရင်းကိုင် | 〃 | 09-259031101 |

ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ဆောင်ရွက်မှုမှတ်တမ်း





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာအသစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ ကောင်းစံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးခင်မောင်ညို | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09-798091257 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးမြင့်ကြိုင် |
|---|---|---|

| ပြည်နယ်၊တိုင်းဒေသကြီး မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထီးပု | ကျေးရွာ - ဘုလု |
|---|---|---|---|

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၁ | ဘာသာ (၁) ဗုဒ္ဓ | ၅၁ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၆ | | |
| စစ်ဘေးရှောင် | | | |

| ၂၄၉ | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၂၀ | ၁၂၉ |
| လူမျိုးစု (၁)------------ | | |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | ၄၄ | ၇ |

(ခ) အခြေခံအထောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အထောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| မူလတန်းကျောင်းခွဲ | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ.

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်✓/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ✓

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁.၆ /မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

(၂) ------------------------------

(၃) GAD မှ မှတ်တမ်းတင်ထားပြီး ဖြစ်ပါသည်။

ကျေးရွာခေါင်းဆောင် — အမည် - ဦးခင်မောင်ညို

လက်မှတ် [signature] နေ့စွဲ - ၁၅.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် - ဦးမြင့်ကြိုင်

လက်မှတ် [signature] နေ့စွဲ - ၁၅.၁၂.၂၀၁၆

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| |
|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် |

| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) |
|---|---|

| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထီးပု | ကျေးရွာ - ကွာလု |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၅.၁၂.၂၀၁၆ | ၁၅.၁၂.၂၀၁၆ | ၂၆ | ၂၃ | ၄၉ | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၆.၁၂.၂၀၁၆ | ၁၆.၁၂.၂၀၁၆ | ၂၇ | ၂၄ | ၅၁ | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁.၂၀၁၇ | ၁၈.၁.၂၀၁၇ | ၂၃ | ၇ | ၃၀ | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - - |

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် | | | |
| နေ့စွဲ - ၁၆.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း - မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထီးပု | ကျေးရွာ - ရွာလု |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မြေသားရေကန်မရှိ၍ ရေခက်ခဲခြင်း | ၁ | မြေသားရေကန်မရှိ၍သောက်သုံးရေခက်ခဲခြင်း |
| ၂ | ဆေးပေးခန်းမရှိ၍ ကျန်းမာရေးခက်ခဲခြင်း | ၂ | ဆရာ/ဆရာမ နားနေဆောင်မရှိခြင်းအခက်အခဲ |
| ၃ | ကျေးရွာခန်းမဆောင်မရှိခြင်းအခက်အခဲ | ၃ | ဆေးပေးခန်းနှင့်ဆရာမရှိ၍ ကျန်းမာရေးခက်ခဲခြင်း |
| ၄ | ရွာချင်းဆက်လမ်းမရှိ၍ကျောင်းသားများသွားလာခက်ခဲ | ၄ | စာကြည့်တိုက်မရှိခြင်းအခက်အခဲ |
| ၅ | လျှပ်စစ်မီးမရှိခြင်းအခက်အခဲ | ၅ | လျှပ်စစ်မီးမရှိ၍ မီးနှင့်ပတ်သက်၍ ခက်ခဲခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ပိုးသောက်ရေကန်ရှိစေချင် | ၁ | မြေသားရေကန်တူးဖော်ရန် |
| ၂ | တစ်ရွာလုံးလျှပ်စစ်မီးရစေချင် | ၂ | အိမ်တိုင်းရေပိုက်လိုင်းသွယ်တန်းရန် |
| ၃ | ကျေးရွာချင်းဆက်လမ်းဖောက်ရန် | ၃ | ဆရာ/မ နားနေဆောင် ဆောက်လုပ်ရန် |
| ၄ | မူ/ခွဲမှ မူလတန်းအဆင့်တိုးမြှင့်ရန် | ၄ | ကျေးလက်ဆေးပေးခန်းရရှိရန် |
| ၅ | ကျေးရွာတွင်းလမ်းများကောင်းမွန်ရန် | ၅ | စာကြည့်တိုက်ဆောက်လုပ်ရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၅ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ ငွေရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | မြေသားရေကန်တူးဖော်ခြင်း | (အမျိုးသား + အမျိုးသမီး) | | ၂၅၀ |
| ၂ | ကျေးရွာခန်းမဆောင် | (အမျိုးသား + အမျိုးသမီး) | | ၂၅၀ |
| ၃ | စာသင်ကျောင်းခြံစည်းရိုး | (အမျိုးသား + အမျိုးသမီး) | | ၂၅၀ |
| ၄ | ကျန်းမာရေးကူညီရေးကား | | | |
| ၅ | ရွာတွင်းလမ်းပြုပြင်ခြင်း | | | |

ဃ။ လုထုစီမံကိန်း၏ လာမည့် ( ၅ ) နှစ်အတွက်အကျိုးမပင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လူမှုကူညီရေးကား | အမျိုးသား + အမျိုးသမီး | |
| ၂ | လျှပ်စစ်မီး | အမျိုးသား + အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးမျိုးချစ်--- လက်မှတ် ---[signature]--- နေ့စွဲ ---၁၆.၁၂.၂၀၁၆---

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးရေးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | | |
| နေ့စွဲ - 18. 1. 2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(V) ☐စက်ဝန်း(၁) ☒စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မန္တလေးတိုင်း | မြို့နယ် ငါးသာရောက် | ကျေးရွာအုပ်စု တိုးပူ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| သင်လှူးကိုင် | မြောင်းရေကျောက်ကာရံ [illegible] | ၁၃၀'x၁၃၀'x၁၀' | ၃၂၇ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၀,၀၀၀,၀၀၀ | | | | |
| ဒေဟတ်ကျ | မြောင်းရေကျောက်ကာရံ [illegible] | ၁၅၀'x၁၅၀'x၁၀' | ၅၆၅ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၁,၀၀၀,၀၀၀ | | | | |
| မှန်တော | မြောင်းရေကျောက် [illegible] | ၁၅၀'x၁၅၀'x၁၀' | ၄၆၁ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၃,၀၀၀,၀၀၀ | | | | |
| ရွာလူ | မြောင်းရေကျောက် [illegible] | ၁၅၀'x၁၅၀'x၁၀' | ၂၅၀ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၃,၀၀၀,၀၀၀ | | | | |
| တိုးပူ | ဒိုက်ရေကျော် | ၂၅'x၁၅'x၅' | ၁၁၄၄ | ☐ ကျား ☐ မ ☒ ကျား+မ | ၁၁,၅၀၀,၀၀၀ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦး[illegible] လက်မှတ် [signature] ရက်စွဲ 18. 1. 2017

ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း
(ဒုတိယနှစ်စက်ဝန်း)

အစည်းအဝေးကျင်းပသည့်နေရာ ။ ။ ရွာလယ်ကျေးရွာ၊ ထီးပုန်ဒုပ်ရှ

အစည်းအဝေးကျင်းပသည့်နေ့ရက် ။ ။ ၁၅ · ၁၂ · ၂၀၁၆

အစည်းအဝေးကျင်းပသည့်အချိန် ။ ။ (၁း၃၀) နာရီ

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ (၄၉) ဦး

(က) ဆွေးနွေးဆောင်ရွက်ချက်များ

အစည်းအဝေးကို အောက်ပါအစီအစဉ်များဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

အစီအစဉ်(၁) ရွာလယ်ကျေးရွာ ရာအိမ်မှူး ဦးခင်မောင်ညိုမှ အဖွင့်အမှာစကား ပြောကြားရာတွင် ဒီစီမံကိန်းဟာဆိုရင် လူထုဗဟိုပြုစီမံကိန်းဖြစ်သည့်အတွက် ကျေးရွာလူထု ပူးပေါင်းပါဝင်ရန် အရေးကြီးပါကြောင်း၊ ဒီနှစ်ဟာ စီမံကိန်း၏ ဒုတိယနှစ်ပါကြောင်း၊ အရင်နှစ်ကလိုပဲ တက်ညီလက်ညီ လုပ်ဆောင်သွားကြရန်လိုအပ်ပါကြောင်း၊ အစည်းအဝေးခေါ်ရင်လည်း မည်သည့်အစည်းအဝေးမဆို တက်တက်ကြွကြွ တက်ရောက်ပေးပါကြောင်း၊ ဒီနေ့အစည်းအဝေးဟာလည်း အရေးကြီးသည့်အတွက် အစည်းအဝေးပြီးဆုံးသည်အထိ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဒုတိယနေ့အတွက်လည်း ဒီနေ့လိုပဲ တက်ကြွစွာ အစည်းအဝေးတက်ရောက်ပေးကြပို့ တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

အစီအစဉ် (၂) အစည်းအဝေးရည်ရွယ်ချက်၊ အစီအစဉ် (၃) စီမံကိန်းမိတ်ဆက်နှင့် စီမံကိန်း၏ရည်ရွယ်ချက်များ အကြောင်းကို လက်ထောက်နည်းပညာမှူး ဒေါ်မြို၊ စလေဆောင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

အစီအစဉ် (၄) စီမံကိန်းစက်ဝန်း နှင့် အစီအစဉ် (၅) ရန်ပုံငွေ အကြောင်းကို လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် အကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများအကြောင်းကို လက်ထောက်နည်းပညာမှူး ဦးဟိန်းဇော်ဦးမှလည်းကောင်း၊ အကာ

အကွယ်များ အကြောင်းကို ဒေါ်ဖြိုးလဲ့လဲ့အောင်မှလည်းကောင်း အသီးသီး ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဒေါ်ဖြိုးလဲ့လဲ့အောင်မှ လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး အကြောင်းကို ထပ်မံဆွေးနွေးခဲ့ပါသည်။

ဆောင်ရန်၊ ရှောင်ရန်များ၊ ကျားမရေးရာ အခန်းကဏ္ဍ နှင့် လေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေးစနစ်များ အကြောင်းကို ဦးမြင့်ကြိုင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

အစီအစဉ်အရ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း မစတင်မီ စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို ဦးမြင့်ကြိုင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။ စေတနာ့ဝန်ထမ်း ရွေးချယ်ရာတွင် ကျေးရွာလူထုမှ ပထမနှစ်စက်ဝန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဦးလွှမ်းမိုးနှင့် ဒေါ်အေးစန်းငွေ တို့ကိုသာ ရွေးချယ်ရန် ဆန္ဒရှိသော်လည်း ဦးလွှမ်းမိုးမှာ ကျေးရွာတွင် မရှိပဲ အခြားနေရာသို့ ကာလကြာရှည် အိုးထွက်ခွာသွားခြင်း၊ ဒေါ်အေးစန်းငွေမှာလည်း မိသားစုဝင်အခြေအနေ အခက်အခဲ အမျိုးမျိုးကြောင့် ကျေးရွာစေတနာ့ဝန်ထမ်းတာဝန်ကို မထမ်းဆောင်နိုင်တော့ခြင်း စသည့်အချက်တို့ကြောင့် ဦးလွှမ်းမိုး၏နေရာတွင် ဦးကျော်ကိုလည်းကောင်း၊ ဒေါ်အေးစန်းငွေ၏နေရာတွင် ဒေါ်ခင်ငွေဝင်းကိုလည်းကောင်း ကျေးရွာစေတနာ့ဝန်ထမ်းများအဖြစ် အသီးသီး ရွေးချယ်၍ ကျေးရွာလူထုမှ အများသဘောတူ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထို့နောက် လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များဖြစ်သည့် လူမှုရေး အရင်းအမြစ်မြေပုံရေးဆွဲခြင်း၊ ရာသီခွင်ပြပြက္ခဒိန် ရေးဆွဲခြင်း၊ ပင်ရှူးအိမ်ပုံ ရေးဆွဲခြင်း၊ အဖွဲ့အစည်း အချိတ်အဆက်ပြ ကားချပ်ပြုလုပ်ခြင်း၊ ကျား/မ ပိုင်ဆိုင်မှု ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ်တို့ကို အဖွဲ့ငယ်များခွဲ၍ အဖွဲ့အလိုက် အသီးသီး ဆွေးနွေးခဲ့ကြသည်။

(၃) အစည်းအဝေး ဆုံးဖြတ်ချက်

(၁) ဦးကျော်နှင့်ဒေါ်ခင်ရွှေဝင်းတို့ကို ရွာလူကြီး ရွာ စာကနား ဝန်ထမ်းများအဖြစ် အများသဘောတူ ရွေးချယ်တင်မြှောက် ဆုံးဖြတ်ခဲ့ကြသည်။

(၂) ဒုတိယအကြိမ် အစည်းအဝေးကို (၁၆.၁၂.၂၀၁၆) နေ့ - နေ့လယ် (၁း၀၀) နာရီတွင် စတင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးကို ညနေ (၄း၃၀) အချိန်တွင် ရုပ်သိမ်းခဲ့သည်။

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်
(လူထုစည်းရုံးရေးမှူး
15.12.2016

# ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း
## (ဒုတိယမှတ်စုတော်ဝင်)

အစည်းအဝေးကျင်းပသည့်နေရာ ။ ။ ရွာလုံကျေးရွာ၊ ထီးပုံနယ်ပါရ

အစည်းအဝေးကျင်းပသည့်နေ့ရက် ။ ။ ၁၆. ၁၂. ၂၀၁၆

အစည်းအဝေးကျင်းပသည့်အချိန် ။ ။ (၁း၂၀) နာရီ

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ (၅၁) ဦး

(က) ဆွေးနွေးဆောင်ရွက်ချက်များ

ဒုတိယနေ့ အစည်းအဝေးကို အောက်ပါ အစီအစဉ်များဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

ပထမနေ့ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များကို အကျဉ်းချုပ်အနေဖြင့် ကျေးရွာလူထုနှင့်အတူ အပြန်အလှန်ဆွေးနွေး~~ခြင်းကို~~ ဦးမြင့်ကြိုင်မှ ဦးဆောင်ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် တစ်ခု အပါအဝင်ဖြစ်သော ဥစ္စာဓနကြွယ်ဝမှု အဆင့်ခွဲခြားသတ်မှတ်ခြင်း အစီအစဉ်ကို ဦးမြင့်ကြိုင်နှင့် ဒေါ်အိအိမွန်တို့မှ ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ကျေးရွာလူထု၏ အခက်အခဲ၊ အတားအဆီးများနှင့် မျှော်မှန်းချက်များကို အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ ခွဲ၍ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့များမှ ၎င်းတို့၏ အခက်အခဲများ၊ အတားအဆီးများနှင့် အနာဂါတ်တွင် ဖြစ်စေလိုသည့် မျှော်မှန်းချက်များကို ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ ၎င်းအခက်အခဲများကို အခြေခံ၍ ပြဿနာသစ်ပင်ရေးဆွဲပြီး ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြပါသည်။

ကျေးရွာလူထု ရွေးချယ်ထားသော ဦးစားပေးလုပ်ငန်း အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေး (၁) မြေသားရေကန်တူးဖော်ခြင်း

(၂) အစည်းအဝေးခန်းမဆောင်

(၃) စာသင်ကျောင်းခြံစည်းရိုး

ဦးစားပေး (၄) ရေရှည်ရေးရာ (ကျန်းမာရေး)

(၅) ရွာတွင်းလမ်း ပြုပြင်ခြင်း

(၆) စာကြည့်တိုက်

ဦးစားပေး အစီအစဉ် ရွေးချယ်ပြီးနောက်၊ ကော်မတီ ဖွဲ့စည်းခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ ကော်မတီ မဖွဲ့စည်းမီ တာဝန်ဝတ္တရားများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ဦးမြင့်ကြိုင်မှ ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မတီ ဖွဲ့စည်းရာတွင် စီမံကိန်း ပထမနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ကော်မတီဝင်များကို ဆက်လက် ရွေးချယ်နိုင်သလို အသစ်ပြန်လည်ဖွဲ့စည်းလိုပါကလည်း ကျေးရွာလူထု၏ ဆန္ဒသဘောအရ ပြန်လည်ဖွဲ့စည်းနိုင်ပါကြောင်း ကျေးရွာလူထုအား ရှင်းလင်း ပြောကြားခဲ့ပါသည်။

ကျေးရွာလူထုမှ လက်ရှိကော်မတီဝင်များကိုသာ ရွေးချယ်လိုကြောင်းလည်း အချို့ ကော်မတီဝင်များမှာ အခြားနေရာများသို့ ကာလရှည် အလုပ်သွားနေခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် တာဝန်မထမ်းဆောင်နိုင်ခြင်း တို့ကြောင့် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ကော်မတီကို အနည်းငယ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြသည်။

ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ကော်မတီ ဥက္ကဋ္ဌ (၂) ဦးကို ဦးမျိုးချစ်နှင့် ဒေါ်ကျော့ပိုတို့အား ဆက်လက်ရွေးချယ်ခဲ့ကြသည်။ ထို့နောက် ဝယ်ယူရေးဆပ်ကော်မတီ အတွက် (၁) ဦးမောင်မောင် (၂) ဦးမြဝင်း (၃) ဒေါ်ခင်မြို့ တို့ကိုလည်းကောင်း၊ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအတွက် (၁) ဦးမောင်ဝင်းနှင့် (၂) ဒေါ်တွေးသိန်း တို့ကိုလည်းကောင်း၊ လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီအတွက် (၁) ဦးသန့်ဝင်းနှင့် (၂) ဒေါ်နွဲ့နွဲ့ဝင်း တို့ကိုလည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် အများသဘောတူ ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။ ကော်မတီဝင် အသီးသီးမှလည်း တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် သဘောတူခဲ့ကြသည်။

ဝေဖန်အကြံပြုရေး ကိုယ်စားလှယ်နေရာအတွက် ဦးသိန်းမောင် နေရာတွင် ဦးစိုးဝင်း ကိုလည်းကောင်း၊ ဒေါ်ခင်နိုင်ဝင်း နေရာတွင် ဒေါ်မာမာဝေ ကိုလည်းကောင်း၊

အစားထိုးရွေးချယ်၍ အများသဘောတူဆုံးဖြတ်ခဲ့ကြသည်။ ဦးနိုးဝင်းနှင့် ဒေါ်မြမာဌေးတို့မှလည်း နင်းတာဝန်ကို ထမ်းဆောင်ရန် သဘောတူခဲ့ကြသည်။

ဆက်လက်၍ ကျေးရွာငွေစာရင်းကိုင် နေရာအတွက် လက်ရှိစီမံကိန်းပထမနှစ်တွင် တာဝန်ထမ်းဆောင်နေသော ဦးတိုးအောင်မှာ မိသားစုအခြေအနေ အခက်အခဲအမျိုးမျိုးကြောင့် ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိ နုတ်ထွက်ရာတွင် ဦးမောင်စိုးအား အစားထိုး၍ ကျေးရွာလူထုမှ အများသဘောတူ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဦးမောင်စိုးမှလည်း ကျေးရွာငွေစာရင်းကိုင်တာဝန်ကို ထမ်းဆောင်နိုင်ပါကြောင်း သဘောတူခဲ့ပါသည်။

(၃) အစည်းအဝေးဆုံးဖြတ်ချက်

၁။ ဒုတိယနှစ် စီမံကိန်းစက်ဝန်းအတွက် ဦးစားပေးလုပ်ငန်းများကို အောက်ပါပုံစံအတိုင်း ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။

ဦးစားပေးလုပ်ငန်းခွဲများ

| ဦးစားပေး | လုပ်ငန်းခွဲအမည် | အဆိုပြုသူ |
|---|---|---|
| (၁) | မြေသားရေကန်တူးဖော်ခြင်း | ကျား + မ |
| (၂) | အစည်းအဝေးခန်းမဆောင် | ကျား + မ |
| (၃) | စာသင်ကျောင်းခြံစည်းရိုး | ကျား + မ |
| (၄) | ရူသိရေးကား | ကျား + မ |

၂။ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များ
ဖြင့် အများသဘောတူ ဖွဲ့စည်းခဲ့ကြသည်။

ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီဥက္ကဋ္ဌ

၁။ ဦးမျိုးချစ်

၂။ ဒေါ်ရွှေပို

ဝယ်ယူရေးဆပ်ကော်မတီ

၁။ ဦးဆောဇော (ဥက္ကဋ္ဌ)

၂။ ဦးမြဝင်း (အဖွဲ့ဝင်)

၃။ ဒေါ်ခင်မြို (အဖွဲ့ဝင်)

စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ

၁။ ဦးအောင်ငယ် (ဥက္ကဋ္ဌ)

၂။ ဒေါ်ဘွေးသိန်း (အဖွဲ့ဝင်)

လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ

၁။ ဦးညွန့်ဝင်း (ဥက္ကဋ္ဌ)

၂။ ဒေါ်နွဲ့နွဲ့ဝင်း (အဖွဲ့ဝင်)

အကြံပြုတိုင်ကြားရေးကိုယ်စားလှယ်

၁။ ဦးစိုးဝင်း

၂။ ဒေါ်ခင်မာဆွေ

ကျေးရွာငွေစာရင်းကိုင်

၁။ ဦးဆောစိုး

ကျေးရွာစေတနာ့ဝန်ထမ်း

၁။ ဦးကျော်

၂။ ဒေါ်ခင်ရွှေဝင်း

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (၁၆.၁၂.၂၀၁၆) နေ့ ညနေ (၄း၃၀) နာရီတွင် ရုပ်သိမ်းခဲ့ကြသည်။

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်

(လူထုစည်းရုံးရေးမှူး)

16.12.2016

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | မြေသားရေကန်တူးဖော်ခြင်း | ကျား+မ | 12/2016 | ကျေးရွာလူထု | |
| | ၂ | ကျေးရွာခန်းမဆောက် | " | " | " | |
| | ၃ | စာသင်ကျောင်းခြံစည်းရိုး | " | " | " | |
| | ၄ | ရွာတွင်းလမ်းပြုပြင်ခြင်း | | | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စက်ချုပ်သင်တန်း | မ | | | |
| | ၂ | စိုက်ပျိုးရေးနည်းပညာ/ချေးငွေ | ကျား | | | |
| | ၃ | မွေးမြူရေးချေးငွေ | ကျား+မ | | | |
| | ၄ | ပန်းရံ/လက်သမားသင်တန်း | ကျား | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျန်းမာရေးကူညီရေးကား | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | လျှပ်စစ်မီးလင်းရေး | | | | |
| | ၂ | | | | | |
| | ၃ | | | | | |